## အသည်းရောင်အသားဝါ A ရောဂါကို ကာကွယ်တားဆီးနိုင်သလား?

**ဟုတ်ကဲ့၊ အသည်းရောင်အသားဝါ A ရောဂါကို ကာကွယ်တားဆီးနိုင်ပါသည်!**

အကောင်းဆုံး ကာကွယ်တားဆီးနည်းမှာ ကာကွယ်ဆေးထိုးရန် ဖြစ်သည်။ ကာကွယ်ဆေးသည် စိတ်ချရပြီး အလွန်အကျိုးရှိပါသည်။



ပြည်သူ့ကျန်းမာရေးပုံရိပ် စာကြည့်တိုက်၏ ကျေးဇူးဖြင့် ပုံများ။
ဓာတ်ပုံခရက်ဒစ်-James Gathany

**ကူးစက်မှုပျံ့ပွားခြင်းကို ကာကွယ်တားဆီးရန် အခြားနည်းလမ်းမှာ လက်များကို ဆပ်ပြာနှင့် ရေတို့ဖြင့် ဆေးကြောရန်ဖြစ်သည်-**

- အိမ်သာသုံးပြီးသောအခါ
- ဒိုင်အေပါ လဲပေးပြီးသောအခါ
- စားစရာ မကိုင်တွယ်မီ

အသည်းရောင်အသားဝါ A ရောဂါကို ကုသရန် ဆေးဝါးများ မရှိပါ၊ ထို့ကြောင့် ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်တားဆီးခြင်းသည် အကောင်းဆုံးချဉ်းကပ်နည်း ဖြစ်သည်။



## အသည်းရောင်အသားဝါ A ရောဂါဆိုင်ရာ နောက်ထပ် အချက်အလက်များ

သင်၏ ကျန်းမာရေးစောင့်ရှောက်မှု စီစဉ်သူ၊ ဆေးဆိုင်၊ ဒေသပြည်သူ့ကျန်းမာရေးဌာနကို ဖုန်းခေါ်ပါ၊ (သို့) သွားရန် နေရာမှာ-

**မစ်ချီဂန် ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများဌာန (MDHHS)**

mi.gov/HepatitisAOutbreak

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး စင်တာများ (CDC)

cdc.gov/hepatitis

### ဒေသပြည်သူ့ကျန်းမာရေးဖြင့် ဆွေးနွေးခြင်း

သင် (သို့) သင့်အသိတစ်ဦးမှာ ကျန်းမာရေးအာမခံ ရှိမထားလျှင်၊ အခမဲ့ကာကွယ်ဆေး (သို့) စရိတ်သက်သာကာကွယ်ဆေးအတွက် အရည်အချင်းပြည့်မီနိုင်ဖွယ်ရှိသည်။ သင့် အရည်အချင်းပြည့်မီမမီ သိနိုင်ရန် ဒေသကျန်းမာရေးဌာနဖြင့် ပြောဆိုပါ။

ဒေသကျန်းမာရေးဌာန အချက်အလက် ရယူရန်၊ MDHHS ကာကွယ်ဆေးထိုးမှုဌာနခွဲကို 517-335-8159 ဖြင့် ဖုန်းခေါ်ပါ။

ဒေသကျန်းမာရေးဌာန အချက်အလက်ကို ဒေသကျန်းမာရေးဌာနဆိုင်ရာ အသင်းအဖွဲ့၏ ဝဘ်ဆိုဒ်ပေါ်၌လည်း ရနိုင်သည်၊ ဝင်ကြည့်ရန်-

https://malph.org/directory

MDHHS
Michigan Department of Health & Human Services

ပြင်ဆင်ချက် 2-7-2018

# မစ်ချီဂန်ထဲ၌ အသဲရောင်အသားဝါ A ရောဂါ ပျံ့နှံ့ခြင်းမှ ရပ်စေရန် ကူညီကြပါ



**မိမိကိုယ်မိမိ ကာကွယ်ပါ**

**အခြားသူကိုလဲ ကာကွယ်ပါ**

**ကာကွယ်ဆေးထိုးထားပါ**

## မစ်ချီဂန်တွင် ဘာတွေ ဖြစ်နေသလဲ?

ဩဂုတ်လ 1 ရက်, 2016 ကတည်းကပင်၊ အသည်းရောင်အသားဝါ A ဗိုင်းရပ်ပိုး အကြီးအကျယ်ဖြစ်ပွားလာပါသည်။ 2017 ခုနှစ်ထဲမှာပဲ လူပေါင်း 600 ကျော် မကျန်းမာ ဖြစ်လာကြသည်။

မစ်ချီဂန်အရှေ့တောင်ပိုင်း၌ နေထိုင်သူများသည် အသည်းရောင်အသားဝါ A ဖြင့် မကျန်းမာဖြစ်နေစဉ်မှာပဲ၊ အသည်းရောင်အသားဝါ A ရောဂါက ကျနော်တို့ပြည်နယ်၏ အခြားနေရာများသို့ ပျံ့နှံ့လာပါသည်။ လူများသည် အသည်းရောင်အသားဝါ A ရောဂါဖြင့် အလွန်မကျန်းမာ ဖြစ်လာကြပြီး၊ ဆေးရုံတက်ခဲ့ကြသည်၊ အချို့လည်း သေဆုံးသွားကြသည်။

ဤရောဂါကူးစက်မှု ပျံ့နှံ့ခြင်းမှ ရပ်စေရန် သင့်အကူအညီကို လိုအပ်ပါသည်။ မကြာမီတင်ကပင် အသည်းရောင်အသားဝါ A ရောဂါ ဖြစ်ပွားသော အချက်အလက်ကို၊ ဝင်ကြည့်ရန်-

**mi.gov/HepatitisAOutbreak**

## အသည်းရောင်အသားဝါ A ရောဂါ ဆိုသည်မှာ ဘာလဲ?

အသည်းရောင်အသားဝါ A ရောဂါ ဆိုသည်မှာ ဗိုင်းရပ်ပိုးကြောင့်ဖြစ်သော ပြင်းထန်သည့် အသည်းရောဂါ ဖြစ်သည်။ ဗိုင်းရပ်ပိုးကို ရောဂါကူးစက်သူ၏ ကျင်ကြီး(မစင်) တွင် တွေ့ရသည်။

လူတစ်ဦးအား အသည်းရောင်အသားဝါ A ဗိုင်းရပ်ပိုးဖြင့် ကူးစက်ခံရပါက၊ တစ်ဦးမှ-တစ်ဦးသို့ လွယ်ကူစွာ ပျံ့နှံ့ကူးစက်စေသည်။

မကျန်းမာဖြစ်သည်ဟု လူတစ်ဦး မခံစားရမီ ဗိုင်းရပ်ပိုးကို ပျံ့နှံ့စေသည်။

## အသည်းရောင်အသားဝါ A ရောဂါသည် လူများကို ပုံစံအမျိုးမျိုး ကူစက်စေပါသည်။

- ကူးစက်ခံရပြီးနောက်မှာ အများအားဖြင့် 2 ပတ်မှ 6 ပတ်အထိ ဆိုးဝါးစွာ စတင်ခံစားရပါသည်။
- လူအချို့ဆိုလျှင် မပြင်းထန်သော ဖျားနာမှုကို အပတ်ပေါင်းများစွာကြာပြီး ခံစားရနိုင်သည်။
- အခြားသူများမှာ လပေါင်းများစွာ အလွန်မကျန်းမာဖြစ်ကြပြီး၊ အချို့ဆိုလျှင် အသည်းအလုပ်မလုပ်တော့ဘဲ သေဆုံးသွားကြသည်။
- နာတာရှည်အသည်းရောဂါ ရှိနှင့်ပြီးသူများတွင် အသည်းရောင်အသားဝါ A ရောဂါပြင်း ဖြစ်လာမည့် အန္တရာယ်ပိုများသည်။

## အသည်းရောင်အသားဝါ A ရောဂါ၏ လက္ခဏာများက ဘာတွေလဲ?

လူတိုင်းတွင် လက္ခဏာများကို မပြသပါ။ လက္ခဏာများတွင် ပါဝင်သည်များမှာ-

- ပျို့ချင်အန်ချင်ခြင်းနှင အန်ခြင်း
- ဗိုက်နာခြင်း (ဝမ်းဗိုက်)
- မောပန်းသည်ဟု ခံစားရခြင်း
- ဖျားနာခြင်း
- စားချင်စိတ်မရှိခြင်း
- မျက်လုံးနှင့် အသားအရေ ဝါခြင်း၊ အသားဝါရောဂါဟု ခေါ်သည်
    - *အောက်က ဓာတ်ပုံတွင် ကြည့်ပါ*
- ဆီးနက်သွားခြင်း (အများအားဖြင့် အရောင်မှာ အညိုဖြစ်သည်)
- ကျင်ကြီး အရောင်ဖျော့ခြင်း (မစင်)
- အဆစ်အမြစ်နာခြင်း



## အသည်းရောင်အသားဝါ A ရောဂါ ဘယ်လို ပျံ့နှံ့ကူးစက်သလဲ?

လူတစ်ဦးသည် ရောဂါကူးစက်ထားသူထံမှ စားစရာ၊ အရည်များ၊ (သို့) ကျင်ကြီး(မစင်) ဖြင့် ထိတွေ့ထားသည့် ပစ္စည်းအရာများ (လက်များ အပါအဝင်) ကို စားသောအခါ၊ သောက်သောအခါ၊ (သို့) ပါစပ်ဖြင့် ထိတွေ့သောအခါ အသည်းရောင်အသားဝါ A ရောဂါ ရနိုင်ပါသည်။

**သင့်၌ အသည်းရောင်အသားဝါ A ရောဂါ ရှိနေတာမျိုး ဖော်ပြနေသည်ဟု သိလာလျှင်၊ အကောင်းဆုံးကာကွယ်မှုအတွက် 2 ပတ်အတွင်း ကာကွယ်ဆေးထိုးပါ။**

## မည်သူက ရောဂါဖြစ်မည့်အန္တရာယ် ပိုများသလဲ။

အသည်းရောင်အသားဝါ A ရောဂါ ဖြစ်လာနိုင်ဖွယ် ပို၍ရှိသူများမှာ-

- ထိုးဆေးများနှင့် ထိုးဆေးမဟုတ်သော-ဆေးများ အသုံးပြုသူ
- အမျိုးသားများနှင့် လိင်ဆက်ဆံသော အမျိုးသားများ
- အိမ်ခြေမဲ့သူများ (သို့) ယာယီအိမ်နေထိုင်သူများ
- ထောင်ကျနေသူများ (သို့) မကြာမီက ထောင်ကျသူများ
- အသည်းရောင်အသားဝါ A ရောဂါ ဖြစ်သူနှင့် လိင်ဆက်ဆံသူများ
- အသည်းရောင်အသားဝါ A ရောဂါ ဖြစ်သူနှင့် နီးကပ်စွာနေသူ၊ ထိုရောဂါဖြစ်သူအား စောင့်ရှောက်သူ၊ (သို့) အတူနေထိုင်သူ

## သူငယ်ချင်း (သို့) မိသားစုဝင်တစ်ဦး မကျန်းမာလျှင် ဘာတွေ ပြုလုပ်ရမလဲ?

အသည်းရောင်အသားဝါ A ရောဂါလက္ခဏာများဖြင့် သင မကျန်းမာဖြစ်လျှင်၊ ကျန်းမာရေးစောင့်ရှောက်မှုကို ချက်ချင်း ခံယူပြီး၊ ရောဂါစမ်းသပ်စစ်ဆေးပါ။

သင့်သူငယ်ချင်းများနှင့် မိသားစုဝင်များ မကျန်းမာဖြစ်လျှင်လည်း ထိုကဲ့သို့ပင် ပြုလုပ်ရန် တိုက်တွန်းပါ။

